# လွှတ်တော်သစ်သို့ ဦးတိုက်အဆိုပြုလွှာ



(၁) မြန်မာပြည်အမည်အား
ခေတ် စနစ်နှင့် အညီ
ငရဲပြည်ဟု
ခေါ်ဝေါ်သမုတ်ပေးပါရန် ...

(၂)
နိုင်ငံတော်အလံသစ် အလယ်မှ
ကြယ်ဖြူပွင့်အစား
အရိုး ၂ ချောင်း နောက်ခံနှင့်
အရိုးခေါင်းတလုံးကို
ပြောင်းလဲ သုံးစွဲပေးပါရန် ...

(၃)
နိုင်ငံတော်သီချင်းအား
စစ်မှုမထမ်းမနေရ ဥပဒေနှင့် အညီ
စစ်ချီတေးတပုဒ်ဖြင့်
အစားသွင်းပေးပါရန် ...

(၄)
သမ္မတ၊ ဝန်ကြီးချုပ်တို့အထက်
နောက်ကွယ်မှ တာဝန်ယူမည့်သူအား
ငရဲမင်းတရားကြီးအဖြစ်
ခေါ်ဝေါ်ခွင့် ပြုပါရန် ...

(၅)
သက်ပြည့် ပင်စင်မယူ
နိုင်ငံ့အကြီးအကဲ ဖြစ်လိုသူများအား
လားပင်စင်ကို တိုက်ရိုက်ပေးသနားပါရန် ...

(၆)
ဤအဆိုပြုလွှာအား
မျက်ကွယ်ပြုထားခြား
လွှတ်တော်အထက် တဆင့်တက်
သေမင်းထံသို့
အယူခံဝင်မည် ဖြစ်ပါကြောင်း။ ။

လူပိုလ်
ငရဲသားအမှတ် NBN ၂၂၂၉၅၆၀
၈- ၂- ၂၀၁၁